# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 12, 2019 Volume 26, Number 9


၁၂.၁၂.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၇၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၉၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၃/- ကျပ် |
| CBM Rate | = ၁၅၁၂.၉ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၄.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၅.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၈.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၂.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၁.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၁၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၁၅၄ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ပဲခူးဒေသထွက် ငါးရံ့ခြောက်များကို ပြည်ပသို့တင်ပို့နေသော်လည်း ငါးမျိုးပွားနှုန်း လျော့နည်းလာ၍ ပုံမှန်တင်ပို့နိုင်ခြင်းမရှိဟုဆို



တစ်နှစ်ထက်တစ်နှစ် ငါးမျိုးပွားနှုန်း လျော့နည်းလာ၍ ငါးရံ့ရှားပါးလာမှုကြောင့် ငါးရံ့ခြောက်ထွက်ကုန်ပါ လျော့နည်းလာသဖြင့် နိုင်ငံခြားသို့ တင်ပို့နေရသော ပဲခူးဒေသထွက် ငါးရံ့ခြောက်မှာ ဈေးကွက်ရှိသော်လည်း ပုံမှန်တင်ပို့နိုင်ခြင်း မရှိကြောင်းသိရသည်။ ပဲခူးဒေသထွက် ငါးရံ့ခြောက်များပြုလုပ်ရန် ငါးရံ့များကို ပဲခူးမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ဝေါမြို့နယ်နှင့်သနပ်ပင်မြို့နယ်များရှိ ရေချိုအင်းအိုင်များမှ အများဆုံးရရှိပြီး ငါးရံ့ငါးများသားပေါက်ချိန်တွင် စပါးစိုက်ခင်းများမှ ပိုးသတ်ဆေးဒဏ်များကိုခံရခြင်း၊ ဘက်ထရီရှော့တိုက်ပြီး ငါးဖမ်းခြင်း၊ ရေချိုအင်းများ ရှားပါးလာခြင်းတို့ကြောင့် ငါးရံ့မျိုးပွား ရှင်သန်နိုင်မှု လျော့နည်းလာကာ တစ်နှစ်ထက်တစ်နှစ် ငါးရံ့ကောင်ရေ လျော့နည်းလာကြောင်းသိရသည်။ “ငါးရံ့ခြောက်ကိုတော့ ကျွန်တော်တို့ဒေသက သူဌေးစာလို့ခေါ်တယ်။ ဘာကြောင့်လည်းဆိုတော့ စားလို့ကောင်းသလို ဈေးလည်းကြီးတယ်။ အနည်းဆုံးတစ်ပိဿာ သုံးသောင်းအထက်မှာရှိတယ်။ ဈေးပေါပေါနဲ့ရောင်းနေရင်လည်း ငါးရံ့ခြောက်မဟုတ်တာသေချာတယ်။ တစ်ပိဿာ သုံးသောင်းကျော်ဆိုတော့ အထက်အရာရှိတွေကို လက်ဆောင်ပေးတဲ့ အခါတွေ ပိုက်ဆံချမ်းသာတဲ့ သူတွေပဲဝယ်တာများတယ်။ ကျွန်တော်တို့ မြန်မာတွေက ငါးခြောက်ဖုတ်ကို ဆီဆမ်းပြီး ထမင်းနဲ့ စားကြတယ်။ နိုင်ငံခြားသားတွေက အရက်တို့ ဘီယာတို့နဲ့မြည်းကြတယ်။ ရန်ကုန်ကနေပြီးတော့ ကျွန်တော်တို့ ပဲခူးဒေသထွက် ငါးရံ့ခြောက်ကိုမှာယူပြီး နိုင်ငံခြားအထိ တင်ပို့နေပါတယ်။ ဒါပေမဲ့ တစ်နှစ်ထက်

တစ်နှစ် ကုန်ကြမ်းကလျော့လာတယ်။ ငါးရရှိမှုနည်းလာတယ်။ မြန်မာနိုင်ငံမှာက ငါးရံ့မွေးမြူရေးလုပ်လို့ အဆင်မပြေသေးဘူး။ သဘာဝအင်းအိုင်တွေက ရတာတွေပဲရှိတယ်။ ငါးရံ့က တစ်ခါမျိုးဥချရင် ဥပေါင်း သိန်းချီပါတယ်။ သူတို့က ရေစီးထဲမှာ ဥတာမဟုတ်ဘူး။ လယ်ကွင်းတွေပေါ် တက်ဥတာများတယ်။ ဥတဲ့အချိန် စပါးစိုက်တဲ့ အချိန်နဲ့လည်း တိုက်ဆိုင်တယ်။ စပါးပင် ပိုးသတ်ဆေးတို့ ရှော့တိုက်ငါးဖမ်းတာတွေကြောင့် ဥတွေအားလုံးက မျိုးမအောင်ဘဲ တစ်နှစ်ထက်တစ်နှစ် ငါးကောင်ရေလျော့လာတယ်။ ဒါကြောင့်လည်း လိုသလောက်မပို့နိုင်တော့ဘူး” ဟု ပဲခူးဒေသမှ ငါးရံ့ခြောက် လုပ်ငန်းရှင် တစ်ဦးကပြောကြားသည်။

“ငါးရံ့လုပ်ကိုင်ပုံကတော့ လာရောင်းတဲ့ငါးရံ့တွေကို ဝယ်ယူပြီးတဲ့အခါ အလုပ်သမားတွေနဲ့ အကြေးခွံချွတ် (အကြေးထိုး) မယ်။ ခေါင်းဖြတ်ပြီး ဗိုက်ခွဲပြီး ရေစင်အောင် လေးကြိမ်လောက်ဆေးရပါတယ်။ ရေဆေးပြီး သင့်တော်တဲ့ ဆားပမာဏထည့်ပြီး ဆားနယ်ပါတယ်။ တစ်ညအိပ်ထားပြီး ဆားတွေကို ရေဆေးပြီး နေလှန်းရပါတယ်။ ဆောင်းတွင်းနေဆို လေးနေလောက် လှန်းရပါတယ်။ နွေဆိုရင် နှစ်ရက်လောက်နဲ့ခြောက်ပါတယ်။ ငါးရံ့ကိုခြောက်အောင်လှန်းဖို့ပဲလိုတယ်။ ခြောက်ရင် ယင်ကြီး မဥ တော့ဘူး။ ဘာယမ်းစိမ်းမှုလည်း သုံးစရာမလိုဘူး။ ပါကင်ပိတ်ပြီးထားရင် အကြာကြီးအထားခံပါတယ်” ဟု အဆိုပါ ငါးခြောက်လုပ်ငန်းရှင်က ဆက်လက်ပြောကြားသည်။ မြန်မာနိုင်ငံ နေရာအနှံ့အပြားရှိ အင်းအိုင်များမှရရှိသော ငါးရံ့များကို ငါးရံ့ခြောက်ပြုလုပ်ပြီး ဖြန့်ဖြူးရောင်းချရာတွင် ပဲခူးဒေသထွက် ငါးရံ့ခြောက်များကို လူကြိုက်များ၍ ဘုရားဖူး ခရီးသွားများကို အဓိကရောင်းချရပြီး နိုင်ငံခြားသို့တင်ပို့ရောင်းချရန်လည်း မှာယူလေ့ရှိကာ ဈေးကောင်းရလေ့ရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/149270

## မြိတ်ခရိုင်၌ ရေငန်ပုစွန် တန်ချိန် ၄၀၀၀ ခန့် မွေးမြူထုတ်လုပ်နိုင်ရန်လျာထား

မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကတန်ကျွန်းပေါ်ရှိ ကတ္တလူကျေးရွာတွင် မွေးမြူလျက်ရှိသော ခေတ်မီရေငန်ပုစွန်မွေးမြူရေး လုပ်ငန်းတွင် ၂၀၁၉-၂၀၂၀ ခုနှစ်၌ တန်ချိန် ၄၀၀၀ ခန့် မွေးမြူထုတ်လုပ်နိုင်ရန်လျာထားကြောင်းသိရသည်။ ကျွန်းစုမြို့နယ်ရှိ အကြီးဆုံးရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းသည် ၂၀၁၄ ခုနှစ်မှ စတင်၍ မြေဧက ၄၀၀ ကျော်တွင် ပုစွန်မွေးမြူရေး ကန်ပေါင်း ၆၂ ကန်ရှိရာမှ လက်ရှိတွင် ၄၁ ကန်၌ စမ်းသပ်မွေးမြူအောင်မြင်နေပြီး နှစ်အလိုက် တန်ချိန်မြင့်တက်လာသည်ဟုသိရသည်။ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ရေငန်ပုစွန်မွေးမြူရေးမှမန်နေဂျာ ဦးကျော်လင်းက "ကျွန်တော်တို့ ဒီပုစွန်ကန်မွေးမြူရေးလုပ်ငန်း စတင်တာက ၂၀၁၄ ခုနှစ်မှာ ဖြစ်ပါတယ်။ အဲဒီချိန်က နည်းပညာပိုင်းတချို့ကြောင့် အောင်မြင်မှု မရှိခဲ့ပါဘူး။ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းအထိ အခက်အခဲတွေအများ ကြီးကြုံခဲ့ပါတယ်"ဟု ပြောသည်။

လက်ရှိအချိန်တွင် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းသည် ထိုင်းနိုင်ငံ၏နည်းပညာနှင့် စတင်ခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ပထမဆုံးအောင်မြင်မှုရရှိခဲ့ပြီး တန်ချိန် ၂၀၀ ကျော် မွေးမြူနိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် တန်ချိန် ၁၆၀၀နှင့် ၂၀၁၈ ခုနှစ်တွင် တန်ချိန် ၂၀၀၀ အထိရောက်ရှိကာ နှစ်အလိုက် တိုးတက်ခဲ့ပြီး ယခု ၂၀၁၉-၂၀၂၀ ခုနှစ်တွင် တန်ချိန် ၃၀၀၀ ကျော်မှ ၄၀၀၀ ခန့် မွေးမြူထွက်ရှိနိုင်ရန် လျာထားကြောင်းသိရသည်။ ထို့ပြင် ကျွန်းစုမြို့နယ် ကတန်ကျွန်းပေါ်တွင်မွေးမြူ ထားသော ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းသည် အောင်မြင်မှုရှိနေသည့်အတွက် လုပ်ငန်းရှင်ကြီးများအပြင် အလတ်စားလုပ်ငန်းရှင်များ အတွက် နည်းပညာနှင့်သင်တန်းများ အကူအညီပေးရန်စီစဉ်ထားကြောင်း ယင်းကုမ္ပဏီမှသိရသည်။ "အလတ်စားလုပ်ငန်းရှင် တွေအနေနဲ့ မြေနေရာနဲ့ ကန်ပဲတူးထားပေးပါ။ ကျွန်တော်တို့က ပုစွန်သားပေါက်တွေ၊ ကန်မှာခင်းတဲ့ တာလပတ်တွေ၊ မွေးမြူရေးနည်းစနစ်တွေကို လာရောက်ကူညီပေးပါ့မယ်။ ရရှိလာမယ့် ပုစွန်တွေကိုလည်း ကိုယ်ကြိုက်တဲ့နေရာမှာ ရောင်းချနိုင် တယ်။ ဈေးကွက်မရှိရင် ကျွန်တော်တို့ ပြန်ဝယ်ယူပေးပါ့မယ်"ဟု ရေငန်ပုစွန်မွေးမြူရေးမန်နေဂျာ ဦးကျော်လင်းက ပြောကြား သည်။ အဆိုပါကုမ္ပဏီလီမိတက်မှ မွေးမြူနေသောပုစွန်များကို တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျစသည့် အာဆီယံနိုင်ငံများသို့ အဓိကတင်ပို့နေကြောင်းသိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက် အရ လက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဩဂုတ်လအထိ မြန်မာ့ရေထွက်ကုန်ပစ္စည်း အမေရိကန် ဒေါ်လာ သန်း ၆၇၀ ကျော်အထိ တင်ပို့ထားသည်ဟုသိရသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းကို မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ကုမ္ပဏီသုံးခုက အကောင်အထည်ဖော်မွေးမြူနေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132267.html

## ဝဥခြောက်စက်ရုံမှ ထွက်ရှိသည့်ထုတ်ကုန်များကို တရုတ်နိုင်ငံသို့တိုက်ရိုက်တင်ပို့မည်

ချင်းပြည်နယ် မင်းတပ်မြို့နယ်၌ ဖွင့်လှစ်မည့် ဝဥခြောက်စက်ရုံမှ ထွက်ရှိသည့် ဝဥခြောက်များကို မူဆယ်နယ်စပ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဝဥစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း ဥက္ကဋ္ဌ ဦးကျော်သူ၏ ပြောဆိုချက်အရ သိရပါတယ်။ လတ်တလောတွင် ချင်းပြည်နယ်မှ ထွက်ရှိသည့် ဝဥများကို အစိုအတိုင်းသာ မန္တလေးမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိပြီး စက်ရုံဖွင့်လှစ်ပါက ပိုမိုအဆင်ပြေနိုင်မည် ဖြစ်ကြောင်း သိရပါတယ်။ "မင်းတပ်မှာ ဝဥခြောက်စက်ရုံရှိလာရင် ဝဥခြောက်ကုန်ချောတွေ ရရှိမှာပါ။ ကုန်ကြမ်းရောင်းရတာ ထက်စာရင် ကုန်ချောရောင်းရတာ ပိုအဆင်ပြေတယ်။ အခုစာချုပ်တွေလည်း ချုပ်ထားပါတယ်"ဟု ဦးကျော်သူက ပြောကြားခဲ့ပါတယ်။

ထို့ပြင် စက်ရုံပြီးစီးပါက ဝဥတန်ချိန်အစို ၁၅ တန်၊ ဝဥခြောက် နှစ်တန်မှ သုံးတန်ကြားထွက်ရှိမည်ဖြစ်ရာ စုစုပေါင်း တန်ချိန် ၂၀ ဝန်းကျင်ထွက်ရှိနိုင်ကြောင်းသိရပါတယ်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ချင်းပြည်နယ် တောင်ပိုင်းရှိ မင်းတပ်၊ ကန်ပက်လက်နှင့်မတူပီမြို့နယ်တို့၌ UK-aid^ DaNa Facility ၏ အကူအညီဖြင့် ထောပတ်၊ ကော်ဖီ၊ ဝဥသီးနှံများ တန်ဖိုးမြှင့် ကွင်းဆက်စီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ ယင်းစီမံကိန်းများတွင်ပါဝင်သည့် တောင်သူ ၈၀၀ ကျော်၏ ငွေကြေးဖြင့် ယခုဖွင့်လှစ်မည့် ဝဥခြောက်စက်ရုံကို တည်ဆောက်နေခြင်းဖြစ်ကြောင်း ချင်းပြည်နယ်တောင်ပိုင်း သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ\အသင်းဥက္ကဋ္ဌ ဦးမိုးကျော်သူက ပြောကြားခဲ့ပါတယ်။ ယင်းဝဥခြောက်စက်ရုံ မြေနေရာ၊ စက်ပစ္စည်းနှင့် တစ်နှစ်ပတ်လုံးထုတ်လုပ်ရန် ကုန်ကြမ်းများ အပါအဝင် စုစုပေါင်း ငွေကျပ် သိန်းပေါင်းတစ်သောင်းခန့်အကုန်အကျခံကာ တည်ဆောက်ထားကြောင်း သိရပါတယ်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2563-exported-products-from-the-dry-egg-factory-will-be-shipped-directly-to-china.html

## ဒန့်သလွန်သီးဈေးနှုန်း ကျဆင်း



ယခုနှစ်အတွင်း ဒန့်သလွန်သီးဈေးနှုန်းများမှာ အရင်နှစ်ထက်ကျဆင်းလာကြောင်း အရာတော်ဒန့်သလွန်ရောင်းဝယ်ရေးမှ သိရပါတယ်။ အခုနှစ်အတွင်း ဒန့်သလွန်သီးများမှာ ရောင်းလိုအားများလာတာကြောင့် အရင်နှစ်ထက် ဈေးနှုန်း ကျဆင်းသွားတာဖြစ်တယ်လို့ အရာတော်မှ ဒန့်သလွန်ရောင်းဝယ်ရေးလုပ်ကိုင်သူ တစ်ဦးဖြစ်တဲ့ ဦးဝေလွင်ထွန်းကပြောပါတယ်။ “ဒန့်သလွန်သီးက ဒီနှစ်အတွင်းမှာ စိုက်တဲ့သူတွေများလာတော့ ရောင်းလိုအားများလာတာကြောင့် ဈေးနှုန်းက အရင်နှစ်ကဆို ဒန့်သလွန်တစ်ချောင်းကို ၃၀၀ ဝန်းကျင်လောက်ရပေမယ့် အခုအခါမှာ ဒန့်သလွန်တစ်ချောင်းကို ၂၀၀ ဝန်းကျင်လောက်ပဲ ရတော့တယ်” ဒန့်သလွန်ကို ပြည်တွင်းမှာသာမက ပြည်ပဈေးကွက်များထိပါတင်ပို့ရောင်းချနိုင်ရန် မျှော်မှန်းထား တယ်လို့ ၄င်းကဆက်လက်ပြောပါတယ်။ ဒန့်သလွန်သီးတစ်တောင့်ကို ၁၈၀ ကျပ်မှ ၂၀၀ ကျပ်ဝန်းကျင် အထိဈေးနှုန်းရရှိနေတာဖြစ်ကြောင်း ဒန့်သလွန်ရောင်းဝယ်ရေးမှသိရပါတယ်။

**Source:**https://greenwaymyanmar.com/posts/moringa_price_is_low?fbclid=IwAR2fXpqt SCPk678iy0tL6wsUKXVlQYVes94U_t2R4KQ_W-dPdlSb3SceOrs

## လာမယ့်နှစ်အတွင်း မြန်မာ့ငရုတ်ထွက်ရှိမှုနှုန်းကျဆင်းနိုင်



လာမယ့်နှစ်အတွင်းမှာ မြန်မာ့ငရုတ်ထွက်ရှိမှုနှုန်းမှာ ကျဆင်းနိုင်ကြောင်း ငရုတ်သီးဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရပါတယ်။ သဖန်းဆိပ်ဆည်မှ ရေပေးဝေမှု ရပ်ဆိုင်းလိုက်တာကြောင့် ငရုတ်ပင်စိုက်ပျိုးမှုထိခိုက်နိုင်ပြီး ငရုတ်သီးထွက်ရှိမှုနှုန်းမှာ ကျဆင်းနိုင်တယ်လို့ ငရုတ်သီးဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဥက္ကဌ ဒေါ်ဥမ္မာကျော်က ပြောပါတယ်။

တစ်နိုင်ငံလုံးရှိ ဆည်ရေသောက်ဧရိယာ၏ ၂၀ % ကိုရေပေးဝေနေတဲ့ ဆည်ကြီးက ရပ်ဆိုင်းလိုက်တဲ့အတွက် အခုရေဂါလံ(၂၈) သိန်း သုံးစွဲနေတဲ့ ငရုတ်ခင်းကြီးကို (၃)သိန်းပဲရမယ်ဆိုတော့ ငရုတ်စိုက်ပျိုးဖို့ကအဆင်မပြေဘူး။ အဲဒါကြောင့် လာမယ့်နှစ်အတွင်းမှာ ငရုတ်သီးထွက်ရှိမှုနှုန်းက ကျဆင်းနိုင်ပါတယ်။ ငရုတ်သီးထွက်ရှိမှုနှုန်းကျဆင်းမှုကြောင့် ပြည်ပဈေးကွက်များကိုပါ တင်ပို့မှုကျဆင်းနိုင်တာဖြစ်ကြောင်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့ငရုတ်ကို ဧရာဝတီတိုင်းဒေသကြီးနဲ့ကျောက်ဆည်တို့မှာ အများဆုံးစိုက်ပျိုးတာဖြစ်ကြောင်း ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/can_decrease_yield_of_chilli_in_next_year

## မြန်မာ့ပုလဲပြသရောင်းချပွဲ (ဒီဇင်ဘာ ၂၀၁၉) ကျင်းပရောင်းချပွဲ ပထမနေ့တွင် နိုင်ငံပိုင် ပုလဲအတွဲ ၁၀၀ ရောင်းချနိုင်ခဲ့

မြန်မာ့ပုလဲ ပြသရောင်းချပွဲ (ဒီဇင်ဘာ ၂၀၁၉) Myanmar Pearl Auction ( December – 2019 ) ကို ဒီဇင်ဘာ ၁၁ ရက်တွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ကျင်းပရာ ယူရိုငွေ ၅၉၃၉၉၀ တန်ဖိုးရှိ နိုင်ငံပိုင် မြန်မာ့ ပုလဲအတွဲ ၁၀၀ တွဲ ရောင်းချခဲ့ရကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်မှုအရသိရသည်။ အဆိုပါပြပွဲ၌ နိုင်ငံပိုင်ပုလဲအတွဲ ၂၇၀ တွဲ နှင့် မြန်မာအန်ဒါမန်ပါးလ်ကုမ္ပဏီမှ ၈၅ တွဲ၊ ပြည်ဖြိုးထွန်းကုမ္ပဏီမှ ၃၀ တွဲ၊ အဏ္ဏဝါပုလဲကုမ္ပဏီမှ ၃၀ တွဲ စုစုပေါင်း ၄၁၅ တွဲကို ပြသရောင်းချသွားမည်ဖြစ်ပြီး ဒီဇင်ဘာ (၁၁) ရက်တွင် အတွဲအမှတ်(၁)မှ အတွဲအမှတ် (၁၀၀) ထိကိုလည်းကောင်း၊ ဒီဇင်ဘာ (၁၂)တွင် အတွဲအမှတ်(၁၀၁) မှ (၃၀၅) ထိကိုလည်းကောင်း၊ ဒီဇင်ဘာ (၁၃) ရက်တွင် အတွဲအမှတ် (၃၀၆) မှ အတွဲအမှတ် (၄၁၅) ထိကိုလည်းကောင်း ကြမ်းခင်းဈေးယူရိုငွေ ၁ ဒသမ ၉၅ သန်းဖြင့် ပြသရောင်းချသွားမည်ဖြစ်သည်။

ပြည်တွင်းပုလဲကုန်သည်များကို ယူရိုငွေနှင့်ညီမျှသည့် မြန်မာကျပ်ငွေဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပြည်ပပုလဲကုန်သည်များကို ယူရိုငွေဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း ၊ ပုလဲရောင်းချပွဲသို့ တက်ရောက်ဝယ်ယူ ကြမည့် ပြည်တွင်းပုလဲကုန်သည်များအနေဖြင့် အာမခံတင်ဒါစပေါ် မြန်မာကျပ်ငွေ နှစ်ဆယ့်ငါးသိန်း ကြိုတင်ပေးသွင်းကြရမည်ဖြစ်ပြီး ပြည်ပကုန်သည်များအနေဖြင့် ယူရိုငွေနှစ်ထောင် ကြိုတင်ပေးသွင်းကြရမည်ဖြစ်ကြောင်း၊ တင်ဒါအောင်မြင်သူ ပုလဲကုန်သည်များသည် တင်ဒါအောင်မြင်သော ပုလဲအတွဲတန်ဖိုး၏ ၅ ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ပေးသွင်းကြရမည်ဖြစ်ကြောင်းသိရသည်။

**Source :** Xinhua Myanmar

https://news.ydnp.net/316405/

## အကျဉ်းချုပ်ကြောင့် ဆက်ငြိမ်နေဦးမည့်ဒေါ်လာဈေး

အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းသည် ဆက်တိုက်ကျဆင်းလာနေပြီး တစ်လကျော်အတွင်း ၃၅ ကျပ်ဝန်းကျင်အထိ ကျဆင်းခဲ့သည်။ ကုန်သွယ်မှုတွင် လိုငွေနည်းလာခြင်းနှင့် လုပ်ငန်းရှင်များ နိုင်ငံခြားငွေသုံးစွဲမှုကို ချင့်ချိန်လာခြင်းတို့ကြောင့်ဖြစ်သည်ဟု ပြည်တွင်းလုပ်ငန်းရှင်များနှင့် စီးပွားရေးလေ့လာစောင့်ကြည့်သူများက ပြောသည်။ ငွေလဲလှယ်နှုန်းသည် အောက်တိုဘာ ၂၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၅ ကျပ်ရှိခဲ့ရာ လက်ရှိ အောက်တိုဘာ ၁၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၀၆ ကျပ်နှုန်းထားဖြင့် အကျဉ်းချုပ်တွင် ရှိနေဆဲဖြစ်သည်။ ''ပြည်တွင်းအပြင် နိုင်ငံအသီးသီးမှာ စီးပွားရေးက မတည်ငြိမ်ဘူးဆိုတဲ့ အခြေအနေရှိတယ်။ ဒီလိုအချိန်မျိုးမှာ ရင်းနှီးမြှုပ်နှံသူတွေဟာ ချင့်ချိန်ကြတယ်။ အကြောင်းကတော့ ဝယ်လိုအားမရှိတဲ့အတွက် ရင်းနှီးမြှုပ်နှံသူဟာ ကုန်ထုတ်လုပ်မှုအတွက် ရင်းနှီးဖြည့်ဆည်းမှုကို ချင့်ချိန်လုပ်ကိုင်လာကြတဲ့ သဘောရှိတယ်။ အဲဒီမှာတင် နိုင်ငံခြားငွေသုံးစွဲမှုဟာ နည်းနည်းကျဆင်းသွားတဲ့ သဘောဖြစ်လာတယ်''ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။

ငွေလဲလှယ်နှုန်းများ ကျဆင်းလာခြင်းကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်ပင် နိုင်ငံခြားငွေ ဈေးပြိုင်လေလံဈေးကွက်အတွင်း ကန်ဒေါ်လာဝင်ရောက်ဝယ်ယူခြင်းဖြင့် ဈေးကွက်ထိန်းညှိမှုကို လုပ်ဆောင်ခဲ့ရသည်။ အောက်တိုဘာ ၃၁ ရက်တွင် ၁၅၂၅ ကျပ်အထိ ကျဆင်းလာချိန်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဒေါ်လာတစ်သန်းဝယ်ယူခြင်းဖြင့် ဈေးကွက်ထိန်းညှိမှုကို စတင်ခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်မှုနှုန်းထားများသည် အောက်တိုဘာလအတွင်းမှစ၍ ဆက်တိုက်ကျဆင်းလာသည်။ အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ တစ်လကျော်ကြာ ကာလအတွင်း ဗဟိုဘဏ်သည် စုစုပေါင်း ကန်ဒေါ်လာ ၄၁ ဒသမ ၃ သန်းအထိ ဈေးကွက်အတွင်းက ဝယ်ယူခဲ့သည်။ ''ဗဟိုဘဏ်အနေနဲ့ နိုင်ငံခြားငွေလေလံ ဈေးကွက်အတွင်းကို ဒေါ်လာအရောင်းအဝယ်လုပ်တဲ့အခါမှာ ရည်ရွယ်ချက်နှစ်မျိုးရှိတယ်။ တစ်ခုကတော့ ကျနေတဲ့ဈေးကို အများကြီးကျမသွားဖို့နဲ့ တက်နေရင်လည်း အများကြီးတက်မသွားဖို့ ထိန်းညှိတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဗဟိုဘဏ်အတွက် လိုအပ်တဲ့နိုင်ငံခြားအရန်ငွေကို စုဆောင်းဖို့အတွက် ဝယ်တာလည်းရှိတယ်။ ဒါနှစ်မျိုးစလုံးကို ဗဟိုဘဏ်က လိုအပ်ရင် လိုအပ်သလို ဆောင်ရွက်လေ့ရှိပါတယ်''ဟု ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ပြောထားဖူးသည်။ လက်ရှိဈေးကွက်တွင် ဗဟိုဘဏ်၏ ဝယ်ယူနေသည့် ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍မေးမြန်းရန် မြန်မာတိုင်း(မ်)က ကြိုးပမ်းခဲ့သော်လည်း ဆက်သွယ်၍မရဖြစ်ခဲ့သည်။ ဗဟိုဘဏ်၏ ယခုလုပ်ဆောင်ချက်သည် ဈေးကွက်အတွင်း ကန်ဒေါ်လာဈေးနှုန်း ဆက်တိုက်ကျဆင်းနေခြင်းကို ထိန်းချုပ်ရန် လုပ်ဆောင်ခြင်းဖြစ်ပြီး ငွေလဲလှယ်နှုန်းတည်ငြိမ်စေရန် ပိုမိုဖြစ်နိုင်ဖွယ်ရှိသည်ဟု ပြည်တွင်းစီးပွားရေးလေ့လာစောင့်ကြည့်သူများကပြောသည်။ ''ဗဟိုအနေနဲ့ အခုလိုလုပ်တယ်ဆိုတာက ဒေါ်လာဈေးနှုန်း အကျမကြမ်းဖို့ လုပ်ဆောင်တာဖြစ်ဖို့ပိုများပါတယ်။ စီးပွားရေးလုပ်တဲ့အခါမှာ ငွေလဲလှယ်နှုန်းက အတက်အကျများနေတာထက် နှုန်းထားတစ်ခုမှာ တည်ငြိမ်နေတာက ပိုပြီးကောင်းပါတယ်။ ဗဟိုဘဏ်က ဒါကိုရည်ရွယ်တဲ့သဘောရှိတယ်''ဟု ပြည်တွင်းစီးပွားရေးလေ့လာစောင့်ကြည့်သူ ဒေါက်တာအောင်ကိုကိုကပြောသည်။

ကုန်သွယ်ရေးကဏ္ဍတွင်မူ ယခု ၂၀၁၈-၁၉ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ ပို့ကုန်ပမာဏ ကန်ဒေါ်လာ ၁၆ ဒသမ ၉၆ ဘီလျံနှင့် သွင်းကုန်ပမာဏ ၁၈ ဒသမ ၀၉ ဘီလျံ ကုန်သွယ်ထားနိုင်ခဲ့သည်။ ကုန်သွယ်မှုပမာဏအရ ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၁၃ ဘီလျံသာ လိုငွေဖြစ်ပေါ်ခဲ့သည့်သဘောဖြစ်သည်။ ငွေလဲနှုန်းများ ကျဆင်းနေသည့်အချိန်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဈေးကွက်အတွင်းက ဒေါ်လာအများအပြားကို ဝယ်ယူခဲ့သည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်မှုသည် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ၄ ဒသမ ၁၀ ဘီလျံကျော်၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၄၄ ဘီလျံကျော်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၂၁ ဘီလျံကျော်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၈၃ ဘီလျံကျော်နှင့် ကုန်ဆုံးခဲ့သည့် ၂၀၁၈ ခုနှစ် နှစ်ဝက်ဘဏ္ဍာနှစ်တွင် တစ်ဘီလျံကျော်နှုန်းထားများရှိခဲ့သည်။ ၎င်းအချက်အလက်များအရ မြန်မာနိုင်ငံသည် ကုန်သွယ်မှုကဏ္ဍတွင် သွင်းကုန်ကျဆင်းလာခြင်းကြောင့် ကုန်သွယ်မှုလိုငွေလျော့ကျလာကာ ယင်းနှင့်ထပ်တူ နိုင်ငံခြားငွေ သုံးစွဲရမှုအပိုင်းလည်း လျော့ကြလာမည်ဖြစ်သည်။ ''ကုန်သွယ်မှုပိုင်းမှာ လိုငွေကျဆင်းလာနေတာကလည်း ပြည်တွင်းမှာ နိုင်ငံခြားငွေအင်အားတောင့်တင်းမှုကို ဖြစ်လာစေတဲ့အပိုင်းလည်း ပါတယ်။ နောက်ပြီး ဗဟိုဘဏ်က ဈေးကွက်ကိုဝင်ပြီး ကစားပေးပြီး

ငွေကြေးမူဝါဒကို အကောင်အထည်ဖော်လာတဲ့အတွက် ဒေါ်လာဈေးရဲ့တည်ငြိမ်မှုက အားကောင်းနေတယ်။ ဒါက စီးပွားရေး လုပ်ငန်းတွေအတွက်ဆိုရင် အားကောင်းတဲ့အပိုင်းလို့ပြောရမယ်''ဟု ဒေါက်တာမောင်မောင်လေးကပြောသည်။

သို့ရာတွင် တရားမဝင်ကုန်သွယ်မှု များလွန်းသည့် မြန်မာနိုင်ငံတွင် ငွေကြေးမူဝါဒပိုင်းကို ထိန်းချုပ်ရန် ခက်ခဲလွန်းပြီး စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း လုပ်ကိုင်ရမလွယ်ကူသည့် အခြေအနေတွင် ရှိနေသည်ဟု ဒေါက်တာမောင်မောင်လေး ကပြောသည်။ ''လက်ရှိ ငွေလဲလှယ်နှုန်းဈေးကွက် ဖြစ်ပေါ်နေတဲ့အခြေအနေအတိုင်းရော ဗဟိုဘဏ်ရဲ့လုပ်ဆောင်မှု အပိုင်းရောက ကောင်းပါတယ်။ ဒါပေမဲ့လည်း တရားမဝင်ကုန်သွယ်မှုက အရမ်းကြီးစိုးနေတော့ နိုင်ငံငွေစီးကြောင်းကို ထိန်းချုပ် ဖို့က မလွယ်ဘူး။ အဲဒါကြောင့် တက်မလား၊ ကျမလားဆိုတဲ့အလားအလာကို သုံးသပ်ရတာအရမ်းခက်တယ်။ ဒါက စီးပွားရေး လုပ်တဲ့သူတွေအတွက်မကောင်းဘူး။ တရားမဝင်ကုန်သွယ်မှုပိုင်းကိုတော့ နိုင်ငံတော်က ထိထိရောက်ရောက်လုပ်နိုင်ဖို့ လိုလိမ့်မယ်''ဟု ၎င်းကပြောသည်။ ဈေးကွက်ဖြစ်ပေါ်မှုသည် ယခု လတ်တလော အကျပိုင်းတွင်ရှိနေသော်လည်း ယခု ၂၀၁၉ ခုနှစ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်မှု အရှိဆုံးနှစ်အဖြစ်သုံးသပ်နိုင်သည်။ တစ်နှစ်လုံးအတိုင်းအတာဖြင့် ကန်တစ်ဒေါ်လာလျှင် ၁၅၄၆ နှင့် ၁၅၄၈ ကျပ်ဝန်းကျင်ဖြစ်ပေါ်ခဲ့မှုသည် ဇန်နဝါရီလအတွင်းနှင့်မေလတွင်သာရှိခဲ့ပြီး ကျန်လများတွင် ၁၅၃၀ ကျော်ဝန်းကျင်ဖြင့် တစ်နှစ်လုံး တည်ငြိမ်နေခဲ့သည်။

၎င်းအခြေအနေများအရ ကမ္ဘာ့နိုင်ငံရေးအခြေအနေနှင့် စီးပွားရေးအခင်းအကျင်း ပြောင်းလဲမှုများမရှိလျှင် မြန်မာနိုင်ငံ သည်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်းကို လက်ရှိအနေအထားတွင် တည်ငြိမ်စေရန်ထိန်းထားနိုင်လိမ့်မည်ဟု ပြည်တွင်း စီးပွားရေး လေ့လာစောင့်ကြည့်သူများကသုံးသပ်ကြသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားအရန်ငွေ စုဆောင်းမှု သည်လည်း အင်အားတစ်ခုအထိရှိလာနေရာ ဈေးကွက်ပြောင်းလဲမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းထားနိုင်သည့် အခြေအနေတွင်ရှိနေသည်ဟု ၎င်းတို့ကသုံးသပ်ကြသည်။

**Source:** https://myanmar.mmtimes.com/news/132291.html

## ပြည်တွင်းလုပ်ငန်းများအား ငွေကြေး၊ နည်းပညာနှင့် ဥပဒေအကာအကွယ်မပေးနိုင်ပါက ပြည်ပလုပ်ငန်းများ၏ လက်ဝေခံဘဝ ရောက်လာနိုင်ဟုဆို

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအား ငွေကြေး၊ နည်းပညာအကူအညီနှင့် ဥပဒေအရ အကာအကွယ် ပေးမှုများမရှိပါက ပြည်ပစီးပွားရေးလုပ်ငန်းများ၏ လက်ဝေခံဘဝရောက်လာနိုင်ကြောင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်း ရှင်များအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ် ဦးမျိုးမြင့်ကပြောသည်။ "ပြည်ပက လုပ်ငန်းရှင်တွေ ဝင်လာတာကို ကြိုဆိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ နည်းပညာမရှိဘူး။ အဲဒီတော့ နိုင်ငံတော်က ဥပဒေတွေအရ ပြုပြင်ပေးရမယ်။ ငွေကြေးနဲ့ပတ်သက်တဲ့ အထောက်အပံ့တွေပေးနိုင်ရင်တော့ ကောင်းတာပေ့ါ။ အခုတော့ အဲဒါမျိုး မပေးနိုင်တော့ နည်းပညာပိုင်း၊ ငွေကြေးပိုင်းတွေ လိုအပ်တဲ့အတွက် အခုချက် ချင်းကြီးတော့ လက်ဝေခံအကုန်ဖြစ်သွားတာ မျိုးတော့မဟုတ်ဘူး။ တချို့တစ်ဝက် နည်း နည်းပါးပါးတော့ဖြစ်တာတွေရှိတယ်။ ရေရှည်မှာ နိုင်ငံကအကာအကွယ်မပေးရင်၊ ငွေကြေးထောက်ပံ့မှု မပေးရင် ပြည်ပစီးပွားရေးတွေရဲ့ လက်ဝေခံအဖြစ်မျိုး ရောက်လာနိုင်တယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များများဝင်ရောက်လာနိုင်ရန် အခွင့်အရေးပေးနေရကြောင်း၊ သို့ရာတွင် အခွင့်အရေး ပေးမှုများသွားပါက တိုင်းရင်းသားလုပ်ငန်းရှင်များက နောက်မှလိုက်လုပ်နေရသည့် သဘောမျိုးဖြစ်လာပြီး ကိုယ်တိုင် လုပ်ငန်းရှင်မဟုတ်တော့ သည့်ဘဝမျိုးရောက်လာနိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။ "ကျွန်တော်တို့နိုင်ငံမှာက သူတို့နဲ့ယှဉ်ရင် ငွေချေးဖို့မလွယ်သလို အတိုးနှုန်းကမြင့်နေတဲ့အတွက် အဲဒီမှာတင် တစ်ဗန်းရှုံးနေပြီ။ သူတို့က ဘဏ်တိုး တစ်ရာခိုင်နှုန်းလောက်နဲ့ဝင်လာတာ၊ ကျွန်တော်တို့က ၁၃ ရာခိုင်နှုန်း။ သူတို့က စီမံကိန်းဘယ်လောက်ခိုင်မာသလဲ ဆိုတဲ့အပေါ် မူတည်ပြီးတော့ ချေးတာ။ ကျွန်တော်တို့က အပေါင်ပစ္စည်းနဲ့ချေးတာ။ အဲဒီ နှစ်ခုနဲ့ယှဉ်ရင်တောင် ကျွန်တော်တို့ ပက် လက်လန် နေပြီ။ နိုင်ငံတော်က ငွေကြေးမူဝါဒနဲ့ပတ်သက်တာရယ်၊ ဥပဒေနဲ့ပတ်သက်တာတွေရယ် မလုပ်ပေးနိုင်ဘူးဆိုရင် သူတို့ကို အမီမလိုက်နိုင်ဘဲ သူတို့ရဲ့ လက်ဝေခံတွေ ဖြစ်လာနိုင်တယ်"ဟု ၎င်းကပြောသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်မှု အနေဖြင့် တချို့တိုင်းနှင့် ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများအား နှစ်ကာလအကန့်အသတ်ဖြင့် ဝင်ငွေခွန်

ကင်းလွတ်ခွင့်ပေးထားပြီး ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမည့် ပြည်ပမှလုပ်ငန်းရှင်များအတွက် ဝင်ငွေခွန် ခုနစ်နှစ် ကင်းလွတ်ခွင့်ပြုထားကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132295.html

## ပို့ကုန်နှင့်ရင်းနှီးမြှုပ်နှံမှုများ ခက်ခဲနေဦးမည်ဟု အစီရင်ခံစာတစ်စောင်သုံးသပ်

မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများတွင် ပို့ကုန်နှင့်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ခက်ခဲနေဦးမည်ဖြစ်ပြီး အသားတင်ကုန်ထုတ်လုပ်မှုပမာဏ (GDP) အပေါ် ဖိအားများရှိလာမည်ဟု ICAEW ၏နောက်ဆုံးထွက်ရှိထားသည့် Economic Insight ; SouthEast Asia အစီရင်ခံစာတွင် ဖော်ပြထားသည်။ ICAEW သည် စာရင်းကိုင်များကို လေ့ကျင့်ပျိုးထောင်ပေးပြီး အစိုးရဌာနများ၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များနှင့် စီးပွားရေးဆိုင်ရာဦးဆောင်သူများကို ဗဟုသုတနှင့် ပညာရပ်များမျှဝေပေးနေသည့်အဖွဲ့ဖြစ်သည်။ ယခုအစီရင်ခံစာကို ICAEW ၏ မိတ်ဖက်အဖွဲ့အစည်း Oxford Economics အကြံပေးအဖွဲ့က ထုတ်ပြီး ICAEW က စစ်ဆေးထားခြင်းဖြစ်သည်။ ''ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုတွေက အရှေ့တောင်အာရှ စီးပွားရေးအင်အားတွေကို ဆက်လက်ဖိစီးနေဦးမယ်လို့ ယူဆရပါတယ်။ ခြုံပြောရရင် အရှေ့တောင်အာရှရဲ့ GDP တိုးတက်မှုနှုန်းဟာ အလားအလာကောင်းဦးမှာ မဟုတ်သေးဘဲ ၄ ဒသမ ၅ ရာခိုင်နှုန်းလောက်မှာပဲ ဆက်လက်ရပ်တည်နိုင်တယ်''လို့ ICAEW ၏ တရုတ်နှင့်အရှေ့တောင်အာရှဆိုင်ရာ Regional Director ဖြစ်သူ Mark Billington က ပြောသည်။

အရှေ့တောင်အာရှဒေသ စီးပွားရေးတိုးတက်မှုနှုန်းသည် ကုန်သွယ်ရေးဆိုင်ရာတင်းမာမှုများ ပြန်လည်အရှိန်မြင့်တက်လာခြင်းကြောင့် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကို နှိုင်းယှဉ်လျှင် ၅ ဒသမ ၁ ရာခိုင်နှုန်းမှ ၄ ဒသမ ၅ ရာခိုင်နှုန်းသို့ ကျဆင်းဖွယ်ရှိသည်ဟုဆိုထားသည်။ မြန်မာ့စီးပွားရေးကို၂၀၂၀ တွင် ၆ ဒသမ ၄ ရာခိုင်နှုန်းအထိရှိလာမည်ဟု ကမ္ဘာ့ဘဏ်က ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း တိုးတက်မှုနှေးကွေးနေရခြင်း၏ အဓိကအကြောင်းရင်းမှာ အမေရိကန်-တရုတ် စီးပွားရေးပဋိပက္ခနှင့်သက်ဆိုင်နေသည်ဟု အစီရင်ခံစာက ော်ပြထားသည်။

**Source:** https://myanmar.mmtimes.com/news/132286.html

## အမေရိကန်အိမ်ခြံမြေကုမ္ပဏီတစ်ခုက ဘောနပ်စ်ငွေ ဒေါ်လာ ၁၀ သန်းထုတ်ပေးလို့ ဝန်ထမ်းတွေအံ့အားသင့်ခဲ့ရ

အမေရိကန်ပြည်ထောင်စု Maryland ပြည်နယ်က အိမ်ခြံမြေကုမ္ပဏီတစ်ခုဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၇ ရက် နှစ်စဉ်ကျင်းပနေကျ အားလပ်ရက်ပါတီတစ်ခုအတွင်း ဝန်ထမ်းတွေကို အနီရောင်စာအိတ်တွေ အသီးသီးပေးအပ်ခဲ့ပါတယ်။ ဒါပေမယ့် စာအိတ်ထဲမှာ ဘာတွေပါလဲ ဆိုတာ အဆိုပါSt John Properties ကုမ္ပဏီရဲ့ ဝန်ထမ်း ၁၉၈ ဦးစလုံး ဘယ်သူမှ အတိအကျမသိခဲ့ကြပါဘူး။ စာအိတ်ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ ယင်းဝန်ထမ်းတစ်ဦးချင်းစီဟာ ဘောနပ်စ်ငွေ ပျမ်းမျှ ဒေါ်လာ ၅၀,၀၀၀ စီလက်ခံရရှိတာကို သိလိုက်ရတဲ့အတွက် အားလုံးအံ့အားသင့်ခဲ့ကြရပါတယ်။

ယင်း St John Properties အိမ်ခြံမြေကုမ္ပဏီဟာ အဆိုပါ အားလပ်ရက် ပါတီမှာ ဝန်ထမ်းတွေကို ပေးတဲ့ ဘောနပ်စ်ငွေ စုစုပေါင်းဟာ ဒေါ်လာ ၁၀ သန်းဝန်းကျင်ရှိခဲ့ပြီး၊ ဝန်ထမ်း ၁၉၈ ဦး အညီအမျှ ခွဲလိုက်တဲ့အခါမှာ တစ်ဦးကို ဒေါ်လာ ၅၀၀၀၀ ခန့်စီရကြတာဖြစ်ပါတယ်။ “စာအိတ်ကိုဖွင့်ကြည့်လိုက်တော့ ကိုယ့်မျက်လုံးကိုတောင် မယုံနိုင်အောင် ဖြစ်ခဲ့ရပါတယ်” လို့ ကုမ္ပဏီရဲ့ လက်ထောက်ပရောဂျက်မန်နေဂျာတစ်ဦးဖြစ်တဲ့ Stephanie Ridgway ကပြောသည်။ ကုမ္ပဏီအနေနဲ့ အဓိကရည်မှန်းချက်ကို ပြည့်မီအောင်ဖော်ဆောင်နိုင်ခဲ့တဲ့အတွက် ခုလိုဝန်ထမ်းတွေကိုမြောက်မြားလှတဲ့ ဘောနပ်စ်ငွေတွေ ချီးမြှင့်ရတာဖြစ်ကြောင်း St John Properties ရဲ့ ဥက္ကဋ္ဌ Lawrence Maykrantz ကပြောသွားပါတယ်။

**Source:** https://edition.cnn.com/…/company-10-million-bon…/index.html

SFJ Strategy First Journal

## ဖွံ့ဖြိုးဆဲအာရှဒေသ စီးပွားရေး တိုးတက်မှုကို ADB လျှော့ချခန့်မှန်း

အာရှ ဖွံ့ဖြိုးတိုးတက်ရေး ဘဏ် ADB က ယခုနှစ် နဲ့ လာမယ့်နှစ်အတွက် ဖွံ့ဖြိုးဆဲ အာရှဒေသရဲ့ စီးပွားရေး တိုးတက်မှု အလားအလာ ခန့်မှန်းချက်တွေကို ထုတ်ပြန်ခဲ့ရာမှာ လျှော့ချခန့်မှန်းမှုတွေ ပြုလုပ်သွားခဲ့ပါတယ်။ ဖွံ့ဖြိုးဆဲ အာရှဒေသဟာ ၂၀၁၉ မှာ တိုးတက်မှုနှုန်း ၅ ဒသမ ၂ ရာခိုင်နှုန်း၊ ၂၀၂၀ မှာ လည်း ၅ ဒသမ ၂ ရာခိုင်နှုန်း ဆိုပြီး မနီလာအခြေစိုက် ဘဏ်က ခန့်မှန်းခဲ့ပါတယ်။ အစောပိုင်းတုန်းက ယင်းဒေသအတွက် တိုးတက်မှုနှုန်း ၅ ဒသမ ၄ ရာခိုင်နှုန်း၊ ၅ ဒသမ ၅ ရာခိုင်နှုန်းဆိုပြီး ခန့်မှန်းထားတာ ဖြစ်ပါတယ်။အထူးသဖြင့် ယခုနှစ် အရှေ့တောင်အာရှ ဒေသရဲ့ စီးပွားရေး တိုးတက်မှုဟာလည်း အစောပိုင်းက မျှော်မှန်းထားတာထက် အနည်းငယ် လျော့ကျဖွယ် ရှိတယ်လို့ ADB က ခန့်မှန်းသွားပါတယ်။

စင်ကာပူနဲ့ထိုင်းလိုမျိုး ကုန်သွယ်မှုကိုအားပြုနေရတဲ့ စီးပွားရေးနိုင်ငံတွေဟာဆိုရင် ကုန်သွယ်ရေးစစ်၊ ကမ္ဘာ့စီးပွားရေး နှေးကွေးမှုတို့ရဲ့ အကျိုးဆက်တွေခံရလိမ့်မယ်လို့ ADB က ခန့်မှန်းသွားခဲ့ပါတယ်။ ဒါ့အပြင် အာရှအင်အားကြီး တရုတ်ရဲ့ စီးပွားရေး တိုးတက်မှုနှုန်းဟာလည်း ယခုနှစ်နဲ့ လာမယ့်နှစ်မှာ ၆ ဒသမ ၁ ရာခိုင်နှုန်းနဲ့ ၅ ဒသမ ၈ ရာခိုင်နှုန်း ရှိမယ်ဆိုပြီး ADB က လျှော့ချခန့်မှန်းသွားခဲ့ပါတယ်။

**Source:** https://in.reuters.com/article/asia-economy-adb/adb-cuts-**growth-views-for-china-developing-asia-as-trade-war-bites-idINKBN1YF048?rpc=401&**

## အမေရိကန်ဆီ ကားတင်ပို့ရောင်းချဖို့ရည်မှန်းနေတဲ့ ဗီယက်နမ်ဘီလျံနာ

ဗီယက်နမ်နိုင်ငံရဲ့ ဘီလျံနာသူဌေး Pham Nhat Vuongကတော့ ထူးခြားတဲ့ စွမ်းဆောင်မှုတစ်ခုကို အောင်မြင်နိုင်ဖို့ ကြံရွယ်နေလျက် ရှိပြီး ဒါကတော့ အမေရိကန်စျေးကွက်ဆီ ကားတင်ပို့ရောင်းချနိုင်ဖို့ဖြစ်ပါတယ်။ သက်တမ်းခြောက်လသာ ရှိသေးတဲ့ ဗီယက်နမ်ကားလုပ်ငန်းs tartup VinFast ရဲ့ အဓိကပိုင်ရှင်ဖြစ်တဲ့ ဘီလျံနာ Mr Vuong ကတော့ မက်မောလောက်စရာ အမေရိကန်စျေးကွက်ထဲ လာမယ့် ၂၀၂၁ မှာ လျှပ်စစ်ကားတွေ တင်ပို့ရောင်းချနိုင်ဖို့ ကြံရွယ်နေတာ ဖြစ်ပါတယ်။ Pham Nhat Vuong ကတော့ အဆိုပါ အရှေ့တောင်အာရှနိုင်ငံမှာ အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်သလို ကားကုမ္ပဏီသစ် VinFast ကိုလည်း ဦးဆောင်နေသူဖြစ်ပါတယ်။ Mr Vuong ဟာ ၎င်းရဲ့ အထက်ပါရည်မှန်းချက် ပြည့်မြောက်ဖို့အတွက် ၎င်းရဲ့ပိုင်ဆိုင်မှုအနက် ကန်ဒေါ်လာ ၂ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံထားတယ်လို့ သိရပါတယ်။ VinFast ကတော့ BMW လိုင်စင် အင်ဂျင်တပ် ကားတွေကို ယခုနှစ်စပိုင်းကစလို့ ပြည်တွင်းကဂယ်သူတွေဆီ စတင်ရောင်းချပေးနေပြီး လျှပ်စစ်ကားတွေအဖြစ် တိုးချဲ့ထုတ်လုပ်ရောင်းချဖို့ပြင်ဆင်နေပါတယ်။ "ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတကာ brand တစ်ခု ဖန်တီးဖို့ပါပဲ" အသက် ၅၁ နှစ်ရှိ Mr Vuong က ပြောသွားပါတယ်။

**Source:**https://www.businesstimes.com.sg/transport/vietnams-**richest-man-bets-us2b-to-sell-cars-to-us**

SFJ Strategy First Journal

## ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၉၂၀ ကျော် တိုးတက်

ယခုဘဏ္ဍာနှစ်စမှ နိုဝင်ဘာလ ၂၉ ရက်နေ့အထိ ကုန်သွယ်မှုပမာဏမှာ ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၉၂၀ ကျော် တိုးတက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရသိရသည်။ ယခုဘဏ္ဍာနှစ် ပင်လယ်ရေကြောင်း ကုန်သွယ်မှုတွင် ယခင်နှစ်ကာလတူထက် သွင်းကုန်တွင် ဒေါ်လာသန်း ၁၁၀ ကျော် တိုးတက်ခဲ့ပြီး ပို့ကုန်တွင် ဒေါ်လာသန်း ၈၁၀ ကျော်အထိ တိုးတက်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏စာရင်းများတွင် ဖော်ပြထားသည်။ ပင်လယ်ရေကြောင်းလိုင်း ကုန်သွယ်မှုမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အောက် တိုဘာ ၁ ရက်နေ့မှ

နိုဝင်ဘာ ၂၉ ရက်နေ့ အထိ စုစုပေါင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံကျော်ရှိပြီး ယခင်နှစ်ကာလတူတွင် ၃ ဒသမ ၉ ဘီလီယံ ကျော်သာရှိသောကြောင့် ဒေါ်လာသန်း ၄၁၃ သန်းကျော် တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း ယင်းဌာန၏ စာရင်းဇယားများအရသိရသည်။ ယခုဘဏ္ဍာနှစ် နယ်စပ်ကုန်သွယ်မှုတွင် ယခင်နှစ်ကာလတူထက် သွင်းကုန်တွင် ဒေါ်လာ သန်း ၁၀၀ ကျော် တိုးတက်ခဲ့ ပြီး ပို့ကုန်တွင် ဒေါ်လာသန်း ၅၁၀ ကျော်အထိ တိုးတက်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏ စာရင်းများတွင် ဖော်ပြထားသည်။

နယ်စပ်ကုန်သွယ်မှုမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အောက်တိုဘာ ၁ ရက်နေ့ မှ နိုဝင်ဘာ ၂၉ ရက်နေ့အထိ စုစုပေါင်းကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံရှိပြီး ယခင် နှစ်ကာလတူတွင် ကျပ် ၁ ဒသမ ၂ သန်းကျော်သာရှိသောကြောင့် ဒေါ်လာသန်း ၅၀၀ ကျော် တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း ယင်းဌာန၏ စာရင်းဇယားများအရသိရသည်။ မြန်မာနိုင်ငံတွင် ပို့ကုန်၊ သွင်းကုန်မှ ကုန်သွယ်မှုတန်ဖိုးတိုးတက်ခဲ့ပြီး စုစုပေါင်းကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံခန့်ရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၉ ဒသမ ၂ သန်းကျော် တိုးတက်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်သည့် စာရင်းများအရသိရသည်။

**Source:** The Voice

https://news.ydnp.net/316519/

## STOCK EXCHANGE (12.12.2019)


YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 12th Dec. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,500 | 11,500 | 11,000 | 168 | 1,857,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | -50 | -1.30% | 3,850 | 3,850 | 3,800 | 9,306 | 35,363,700 | 38,929,150 | 147,931 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 5 | 41,500 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 50 | 1,150,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 10 | 29,500 | 12,823,224 | 37,829 |

## Market summary

As of 12th Dec. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 458.03 | -11.32 | -2.41% | 469.35 | 469.35 | 458.03 | 9,539 | 38,441,700 | 5 | 627,185 |

### Index chart




# Market Overview

As of 1:00 pm, 12th Dec. 2019

| MYANPIX | 458.03 ▼ 11.32 |
|---|---|
| Total Volume (shares) | 9,539 |
| Total Value (MMK) | 38 mil |
| Listed Company | 5 |
| Market Cap. (MMK) | 627,185 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 3,800 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 0 |